# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၀/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၁၁) ရက်

| ၂၀ - ၇ - ၂၀၂၄ | |
|---|---|
| ငွေကြေးအမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၇၈.၇ |
| စင်္ကာပူဒေါ်လာ | ၁,၅၅၈.၂ |
| စတာလင်ပေါင် | ၂,၇၀၄.၂ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၀၀.၃ |
| တရုတ်ယွမ် | ၂၈၈.၉၃ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၈.၉၃ |
| အိန္ဒိယရူပီး | ၂၅.၁၂၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၂.၃၂ |
| မလေးရှားရင်းဂစ် | ၄၄၇.၉၀ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၀၁၇ |
| ထိုင်းဘတ် | ၅၇.၈၉၁ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၅၈၀ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ရုရှားသည် ဂျပန်နိုင်ငံမှ ငါးထွက်ကုန်များ၏ ဘေးကင်းရေးဆိုင်ရာ အချက်အလက်များ တောင်းခံ

➢ အိန္ဒိယနိုင်ငံ၏ မေလ လက်ဖက်ခြောက်ထွက်ရှိမှုသည် ၃၀% ကျဆင်းခဲ့ပြီး ဆယ် စုနှစ်တစ်ခုအတွင်း အနိမ့်ဆုံးအဆင့်ဖြစ်

➢ ယခုဘဏ္ဍာနှစ်တွင် သဘာဝရော်ဘာထုတ်လုပ်မှု တန်ချိန် ၈ ဒသမ ၇၅ သိန်း အထိ ရရှိနိုင်မည်ဟု အိန္ဒိယရော်ဘာဘုတ်အဖွဲ့ခန့်မှန်း

➢ အိန္ဒိယဝန်ကြီးများ ကော်မတီအစည်းအဝေးတွင် ဘာစမာတီမဟုတ်သော ဆန် များတင်ပို့မှုအပေါ် အနိမ့်ဆုံးပို့ကုန်စျေးနှုန်း ၁ တန်လျှင် ကန်ဒေါ်လာ ၅၀၀ သတ်မှတ်ဆုံးဖြတ်သွားဖွယ်ရှိ

➢ အိန္ဒိယနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ကြက်သွန်နီ၊ အာလူးနှင့် ခရမ်း ချဉ်သီးစျေးနှုန်းများ စံချိန်တင်မြင့်တက်လျက်ရှိ

- **အထွေထွေသတင်းများ**

➢ စင်ကာပူနိုင်ငံ ကျင်းပပြုလုပ်ခဲ့သည့် Global Summit on Sustainable Agriculture

➢ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ အပြန်အလှန်ငွေပေးချေမှုများတွင် နိုင်ငံတော်သုံးငွေကြေးများ အသုံးပြုကြောင်း ရုရှားသမ္မတပူတင် ပြောကြား

➢ အိန္ဒိယနှင့် ဗြိတိန်တို့အကြား အဆိုပြုထားသည့် ကုန်သွယ်ရေးသဘောတူညီချက်အတွက် ဆွေးနွေးပွဲများ ယခုလအတွင်း ဆက်လက်ကျင်းပမည်

# ရုရှားသည် ဂျပန်နိုင်ငံမှ ငါးထွက်ကုန်များ၏ ဘေးကင်းရေးဆိုင်ရာ အချက်အလက်များ တောင်းခံ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးကြီးကြပ် ကွပ်ကဲမှု ဖက်ဒရယ်အစိုးရဌာန(Rosselkhoznadzor)က ဂျပန်နိုင်ငံမှ ငါးထုတ်ကုန်များ ဘေးကင်းမှုရှိကြောင်း အတည်ပြုရန်အတွက် လိုအပ်သောသတင်းအချက်အလက်များ ပံ့ပိုးပေးရန် ဂျပန်ဘက်သို့ တောင်းဆိုခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး (Sanitary and phytosanitary – SPS) စီမံ ဆောင်ရွက်ချက်များဆိုင်ရာ ကော်မတီအစည်းအဝေးသို့ Rosselkhoznadzor ဌာနက ပါဝင်တက်ရောက်ပြီးနောက် ယင်းကဲ့သို့ ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဂျပန်ဘက်က ၂၀၁၁ ခုနှစ်၌ Fukushima-1 နျူကလီးယား ဓာတ်အားပေးစက်ရုံတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်၏အကျိုးဆက်များကို ဖယ်ရှားပေးပြီးနောက် ၎င်း၏ အစားအစာများတွင် ဓာတ်ရောင်ခြည်ဘေးကင်းလုံခြုံမှုနှင့် လူ့ကျန်းမာရေးအတွက် ခြိမ်းခြောက်မှု မရှိကြောင်း WTO အဖွဲ့ဝင်များကို ထပ်မံရှင်းလင်းပြောကြားခဲ့သည်။

နျူကလီးယားဓာတ်အားပေးစက်ရုံမှ ရေထုတ်လွှတ်သည့်နေရာ၌ နမူနာယူနိုင်ခွင့် အပါအဝင် ဂျပန်နိုင်ငံမှ ငါးထွက်ကုန်များ၏ ဘေးကင်းလုံခြုံမှုရှိကြောင်း အတည်ပြုရန် လိုအပ်သော သိပ္ပံနည်းကျခိုင်လုံသည့်အချက်အလက်များ ပံ့ပိုးပေးရန် ဂျပန်ဘက်သို့ Rosselkhoznadzor ဌာန၏ တောင်းဆိုမှုကို တရုတ်ကိုယ်စားလှယ်အဖွဲ့မှ ထောက်ခံခဲ့ကြကြောင်း အဆိုပါဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရေဒီယိုသတ္တိကြွညစ်ညမ်းသော အစားအသောက်ထုတ်ကုန်များ ရုရှားဈေးကွက်အတွင်းသို့ ဝင်ရောက်လာနိုင်သည့်အန္တရာယ်များကို ကာကွယ်ရန်အတွက် ရုရှားနိုင်ငံသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အရေးပေါ်စီမံချက်တစ်ရပ်ကို လုပ်ဆောင်ခဲ့ပြီး ဂျပန်နိုင်ငံမှ ငါးနှင့် ပင်လယ်စာများ တင်ပို့မှုကို ကန့်သတ်ခဲ့ကြောင်း သိရှိရပါသည်။ Rosselkhoznadzor ဌာနသည် ရုရှားနိုင်ငံသို့ တင်သွင်းလာသော စိုက်ပျိုးရေးနှင့် မွေးမြူရေး ထွက်ကုန်များအား ဥရောပအာရှစီးပွားရေးသမဂ္ဂ (EAEU) မှ ချမှတ်ထားသည့် ယူရေးရှား အကောက်ခွန်သမဂ္ဂ(Eurasian Customs Union)၏ နည်းပညာဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးထိန်းကျောင်းကြီးကြပ်ရသော အစိုးရဌာနဖြစ်ပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို
Source : [https://tass.ru/ekonomika/21247457](https://tass.ru/ekonomika/21247457)

Agribusiness & Trade

## အိန္ဒိယနိုင်ငံ၏ မေလ လက်ဖက်ခြောက်ထွက်ရှိမှုသည် ၃၀% ကျဆင်းခဲ့ပြီး ဆယ်စုနှစ်တစ်ခုအတွင်း အနိမ့်ဆုံးအဆင့်ဖြစ်

အိန္ဒိယနိုင်ငံ၏ လက်ဖက်ခြောက်ထုတ်လုပ်မှုသည် မေလတွင် ပြီးခဲ့သည့်နှစ် ကာလတူ ထုတ်လုပ်နိုင်မှုထက် ၃၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့ပြီး ကီလိုဂရမ် ၉၀.၉၂ သန်းသာ ထုတ်လုပ်နိုင်ခဲ့ကြောင်းနှင့် ယင်းသည် ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း ၎င်း၏ အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားကြောင်း လက်ဖက်ဘုတ်အဖွဲ့က သောကြာနေ့တွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံလက်ဖက်ထုတ်လုပ်မှု၏ ထက်ဝက်ကျော်ထုတ်လုပ်နိုင်သော အာသံပြည်နယ်တွင် ထုတ်လုပ်မှုသည် ၂၆ ရာခိုင်နှုန်းကျော် ကျဆင်းသွားပြီး ကီလိုဂရမ် ၄၉.၈၄ သန်းရှိကြောင်း ဘုတ်အဖွဲ့က ပြောသည်။ လက်ရှိကာလတွင် အာသံပြည်နယ်၌ မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဇွန်လနှင့် ဇူလိုင်လတို့၌ လက်ဖက်ထုတ်လုပ်မှုအပေါ်လည်း သက်ရောက်မှုများရှိနိုင်ကြောင်း သိရှိရသည်။

အိန္ဒိယသည် CTC (crush-tear-curl) စနစ်အသုံးပြုထုတ်လုပ်ထားသည့် လက်ဖက်ခြောက်ကို အဓိကအားဖြင့် အီဂျစ်နှင့် ဗြိတိန်နိုင်ငံတို့သို့တင်ပို့လျက်ရှိပြီး သမားရိုးကျထုတ်လုပ်သည့် အမျိုးအစားများကို အီရတ်၊ အီရန်နှင့် ရုရှားနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့
Source : India's May tea output falls 30%, lowest level in over a decade, The Economic Times, 5 July 2024.

........................................................................................................................

## ယခုဘဏ္ဍာနှစ်တွင် သဘာဝရော်ဘာထုတ်လုပ်မှု တန်ချိန် ၈ ဒသမ ၇၅ သိန်းအထိ ရရှိနိုင်မည်ဟု အိန္ဒိယရော်ဘာဘုတ်အဖွဲ့ခန့်မှန်း

အိန္ဒိယနိုင်ငံတွင် Kerala နှင့် အရှေ့မြောက်ဒေသများတွင် မိုးရွာသွန်းမှုများပြားလာပြီး၊ ရာသီဥတု အခြေအနေ ပိုမိုကောင်းမွန်လာကာ ရောဂါထိန်းချုပ်ရေးဆောင်ရွက်မှုများကြောင့် ၂၀၂၅ ဘဏ္ဍာနှစ်အတွက် အိန္ဒိယနိုင်ငံ၏ သဘာဝရော်ဘာထုတ်လုပ်မှုသည် တန်ချိန် ၈၇၅၀၀၀ အထိ ထွက်ရှိနိုင်မည်ဟု ရော်ဘာဘုတ်အဖွဲ့မှ ခန့်မှန်းထားကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၀ ရက်က ဖော်ပြသည်။

၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ရော်ဘာစိုက်ပျိုးမှု စုစုပေါင်းဧရိယာ ၈၈၉၀၀၀ ဟက်တာရှိခဲ့ရာမှ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ဟက်တာ ၈၈၉၀၀၀ အထိ တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်ရှိ ရာဘာစိုက်ဧရိယာသည် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် ၈၅၀၀ ဟက်တာတိုးမြင့်လာခြင်းကြောင့် လက်ရှိနှစ်၌ ရော်ဘာရရှိနိုင်မှု ပိုမိုများပြားလာဖွယ်ရှိကြောင်း ဘုတ်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း ရာဘာသုံးစွဲမှု တန်ချိန် ၁၄၁၆၀၀၀ ရှိပြီး၊ ၎င်းအနက် မှိုင်းခံ ရော်ဘာသုံးစွဲမှု ၅၈၉၃၄၅ တန်ရှိပြီး စုစုပေါင်းသုံးစွဲမှု၏ ၄၁ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။ ရော်ဘာစေး (latex) သုံးစွဲမှု ၁၀၈၄၀၅ တန်ရှိပြီး စုစုပေါင်းသုံးစွဲမှု၏ ၇ ဒသမ ၇ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ယင်းအချက်က စက်မှုလုပ်ငန်းကဏ္ဍအနေဖြင့် အခြားရော်ဘာ အရည်အသွေးအဆင့်များထက် မှိုင်းခံရော်ဘာ (RSS) အား လိုအပ်မှု ပိုမိုများပြားလျက်ရှိသည်ဟု ဆိုလိုသည်။ ပြည်တွင်း၌ ထုတ်လုပ်သော RSS ရော်ဘာအဆင့်များသည် တာယာများနှင့် အခြားထုတ်ကုန်ထုတ်လုပ်သူများမှ လိုအပ်ချက်ကောင်းများရှိနေပြီး ၎င်းတို့၏ အရည်အသွေးနှင့် ဈေးကွက်မှ လက်ခံနိုင်မှုကို ညွှန်ပြလျက်ရှိကြောင်း ရော်ဘာဘုတ်အဖွဲ့ အမှုဆောင်ဒါရိုက်တာ M Vasanthagesan က ပြောကြားခဲ့သည်။

ရော်ဘာစိုက်ပျိုးသူများအား ရာဘာစေးရောင်းချခြင်းထက် မှိုင်းခံရော်ဘာပြားများ ထုတ်လုပ်ရာ၌ ပိုမိုအာရုံစူးစိုက်ရန် ၎င်းက တိုက်တွန်းခဲ့သည်။ သဘာဝရော်ဘာသုံးစွဲမှုတွင် မှိုင်းခံရာဘာပြား (Ribbed Smoked Sheets) (RSS အရည်အသွေးအဆင့်ဆင့်) အားသုံးစွဲမှု နှစ်စဉ် မြင့်တက်လာလျက်ရှိပြီး ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ၈ ဒသမ ၃၄ ရာခိုင်နှုန်းနှင့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၃၇ ရာခိုင်နှုန်း အသီးသီးတိုးမြင့်လာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရော်ဘာစိုက်ပျိုးသူများအနေဖြင့် မှိုင်းခံရော်ဘာများ ထုတ်လုပ်လာကြခြင်းကြောင့် ဈေးကွက်ဝေစု၏ ၉၀ မှ ၉၅ ရာခိုင်နှုန်းကို ရယူထားကြောင်း၊ ၎င်းတို့အနေဖြင့် လက်ရှိဈေးကွက်အခြေအနေအရ မှိုင်းခံရော်ဘာများ ပြုပြင်ထုတ်လုပ်ခြင်းအားဖြင့် အမြတ်အစွန်း ပိုမိုရရှိနိုင်သည်ဟု ၎င်းကဆိုသည်။ ပြည်တွင်းသဘာဝရော်ဘာ သုံးစွဲမှုသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၄၁၆၀၀၀ ရှိခဲ့ကာ ၂၀၂၂-၂၃ တွင် တန်ချိန် ၁၃၅၀၀၀၀ ရှိခဲ့သည့်အတွက် ၄ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဧပြီလမှ မေလအထိ စုစုပေါင်း သဘာဝရော်ဘာ ထုတ်လုပ်မှုပမာဏမှာ တန်ချိန် ၈၁၀၀၀ ရှိပြီး ၂၀၂၃ ခုနှစ် ကာလတူတွင် ထုတ်လုပ်မှု တန်ချိန် ၈၂၀၀၀ ရှိခဲ့သည်။ ယခုနှစ် မေလ

Agribusiness & Trade

ဆန်းပိုင်းတွင် မိုးရွာသွန်းမှုကြောင့် ထုတ်လုပ်မှုတစ်ချို့အား ထိခိုက်ခဲ့ကြောင်း သိရသည်။ သို့သော် လာမည့်ရက်များအတွင်း ရာဘာ၏ ရောင်းလိုအားအခြေအနေ ပိုမိုကောင်းမွန်လာဖွယ်ရှိသည်ဟု ဘုတ်အဖွဲ့မှ မျှော်လင့်ထားကြောင်း သိရသည်။

နှစ်အလိုက် ပြည်ပမှ သဘာဝရော်ဘာတင်သွင်းမှုအနေဖြင့် ၂၀၂၁-၂၂ ဘဏ္ဍာနှစ်တွင် ၅၄၆၃၆၉ တန်၊ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ၅၂၈၆၇၇ တန်နှင့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၉၂၆၈၂ အသီးသီး တင်သွင်းခဲ့ကြောင်း သိရသည်။ ရော်ဘာစိုက်ပျိုးသူများအနေဖြင့် ပြည်တွင်း ထုတ်လုပ်မှု တိုးမြှင့်ရေးကို အာရုံစူးစိုက်ခြင်းအားဖြင့် ရာဘာထုတ်လုပ်မှု၌ မိမိကိုယ်ကို မှီခိုအားထားမှုရရှိရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နိုင်သည်ဟု ဘုတ်အဖွဲ့မှ ပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် သဘာဝရော်ဘာထုတ်လုပ်မှုနှင့် သုံးစွဲမှုတိုးမြင့်လာလျက်ရှိပြီး၊ အထူးသဖြင့် မှိုင်းခံရော်ဘာ RSS အရည်အသွေး ရာဘာများ၏ လိုအပ်ချက်များပြားလျက်ရှိကြောင်း တွေ့ရှိရသည့်အတွက် မြန်မာ့ရော်ဘာထုတ်လုပ်တင်ပို့ရောင်းချသူများအနေဖြင့် အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline, Increase in tappable area signals higher availability, says Rubber Board, July 10, 2024

## အိန္ဒိယဝန်ကြီးများ ကော်မတီအစည်းအဝေးတွင် ဘာစမာတီမဟုတ်သော ဆန်များတင်ပို့မှုအပေါ် အနိမ့်ဆုံးပို့ကုန်စျေးနှုန်း ၁ တန်လျှင် ကန်ဒေါ်လာ ၅၀၀

အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီး Amit Shah ဦးဆောင်သော ဝန်ကြီးများ ကော်မတီအစည်းအဝေးမှ ယခုသီတင်းပတ်အတွင်း ဘာစမာတီမဟုတ်သော ဆန်များတင်ပို့မှုအပေါ်ထားရှိမည့် အနိမ့်ဆုံးပို့ကုန်စျေးနှုန်းအား ၁ တန်လျှင် ကန်ဒေါ်လာ ၅၀၀ သတ်မှတ် ဆုံးဖြတ်သွားဖွယ်ရှိကြောင်း သိရသည်။ တစ်ဖက်တွင် ဘာစမာတီဆန်အပေါ် သတ်မှတ်ထားသည့် လက်ရှိ အနိမ့်ဆုံး ပို့ကုန်စျေးနှုန်း ၁ တန်လျှင် ကန်ဒေါ်လာ ၉၅၀ ကို လျှော့ချသတ်မှတ်ပေးရန် တင်ပြထားသည့် ကိစ္စကိုမူ အချိန်ရွှေ့ဆိုင်းထားဖွယ်ရှိကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၈ ရက်က ဖော်ပြသည်။

အိန္ဒိယစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လွန်ခဲ့သောသီတင်းပတ်က ပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ကာ ၎င်းတို့၏ အခက်အခဲများကို နားထောင်ခဲ့

Agri Business & Trade

ကြောင်း၊ အချို့သော အဆိုပြုတင်ပြချက်များကို ဝန်ကြီးများအစည်းအဝေး၌ စဉ်းစားပေးရန် ဆုံးဖြတ်ခဲ့ကြောင်း တရားဝင်သတင်းရင်းမြစ်များက ဖော်ပြသည်။

သို့သော် ဆန်ပို့ကုန်ခွန်နှင့်ပတ်သက်၍ ၎င်းတို့တောင်းဆိုထားသည့်အချက်မှာ လက်ရှိသတ်မှတ်ထားသော ၂၀ ရာခိုင်နှုန်းအခွန်အစား ၁ တန်လျှင် ကန်ဒေါ်လာ ၉၀ နှုန်း ပုံသေသတ်မှတ်ပေးဖို့ဖြစ်ကြောင်း၊ အစိုးရက အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (MEP) ကို ၁ တန်လျှင် ကန်ဒေါ်လာ ၅၀၀ နှုန်းသတ်မှတ်ပေးရန် စဉ်းစားပြီး ပို့ကုန်ခွန်ကို ၁ တန်လျှင် ကန်ဒေါ်လာ ၁၀၀ သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ဖွယ်ရှိကြောင်း ကုန်သည်အသိုင်းအဝိုင်းက ပြောကြားခဲ့သည်။

အဆိုပါ ပုံသေခွန်ကို အကောက်ခွန်လွတ်တင်ပို့ခွင့်ပြုခဲ့သော ပေါင်းဆန်နှင့် အမျိုးသား သမဝါယမပို့ကုန်လီမိတက် (National Cooperative Exports Limited –NCEL) မှတစ်ဆင့်တင်ပို့သော ဆန်ဖြူ (အကြမ်း) နှစ်ရပ်စလုံးအပေါ် စည်းကြပ်သွားမည်ဟု သိရသည်။

ကုန်သည်အသိုင်းအဝိုင်းမှတောင်းဆိုထားသော ဘာစမာတီဆန်၏ MEP အား ၁ တန်လျှင် ကန်ဒေါ်လာ ၈၀၀ မှ ၈၅၀ အတွင်း လျှော့ချသတ်မှတ်ပေးရန် တောင်းဆိုထားသည့်အချက်ကိုမူ လတ်တလောဆိုင်းငံ့ထားဖွယ်ရှိကြောင်း သတင်းရင်းမြစ်များက ပြောကြားသည်။

ဘာစမာတီဆန်၏ ပျမ်းမျှပို့ကုန်ဈေးနှုန်းမှာ ယခုနှစ် ဧပြီလက ၁ တန်လျှင် ကန်ဒေါ်လာ ၁၀၇၀ ရှိခဲ့ရာမှ မေလတွင် ကန်ဒေါ်လာ ၁၀၈၀ သို့တိုးမြင့်လာကြောင်း ပို့ကုန်အချက်အလက်များအရ သိရသည်။ ဘာစမာတီမဟုတ်သော ဆန်ဖြူ၏ ပျမ်းမျှပို့ကုန်ဈေးနှုန်းမှာ ယခုနှစ်ဧပြီလက ၁ တန်လျှင် ကန်ဒေါ်လာ ၄၇၆ ခန့်ရှိခဲ့ရာမှ မေလတွင် ကန်ဒေါ်လာ ၄၇၄ သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်၏ ပထမ ၂ လအတွင်း အိန္ဒိယနိုင်ငံမှ ပြည်ပသို့ ဘာစမာတီ ဆန်တင်ပို့မှု တန်ချိန် ၀ ဒသမ ၉၇ သန်းရှိပြီး ယခင်နှစ်ကာလတူက တန်ချိန် ၀ ဒသမ ၈၃ သန်းသာ တင်ပို့ခဲ့သည့်အတွက် ၁၇ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ကြောင်း သိရသည်။

သို့သော် ဘာစမာတီမဟုတ်သော ဆန်များတင်ပို့မှုမှာမူ ယခင်နှစ်က တန်ချိန် ၂ ဒသမ ၈၅ သန်း တင်ပို့ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁ ဒသမ ၉၄ သန်း တင်ပို့ခဲ့သည့်အတွက် ကျဆင်းခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံ၏ ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုအပေါ် အစိုးရအနေဖြင့် မူဝါဒဖြေလျှော့သတ်မှတ်သွားဖွယ်ရှိကြောင်း ကုန်သည်အသိုင်းအဝိုင်းမှ တရားဝင်သတင်း ရင်းမြစ်များကို ကိုးကား၍ ခန့်မှန်းထားရှိချက်အား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline, Ministers' panel seen fixing a floor price of $500/tonne on non-Basmati rice exports, July 8, 2024

Agribusiness & Trade

# အိန္ဒိယနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ကြက်သွန်နီ၊ အာလူးနှင့် ခရမ်းချဉ်သီးဈေးနှုန်းများ စံချိန်တင်မြင့်တက်လျက်ရှိ

အိန္ဒိယနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ကြက်သွန်နီ၊ အာလူးနှင့် ခရမ်းချဉ်သီးဈေးနှုန်းများ စံချိန်တင် မြင့်တက်လျက်ရှိကြောင်း The Hindustan Times သတင်းဌာနက ယခုလ ၄ ရက်က ဖော်ပြသည်။ ယခုနှစ် ဧပြီလမှစ၍ ပူပြင်းခြောက်သွေ့သော နွေဥတုအခြေအနေကြောင့် ပြည်သူအများစုစားသုံးသော ဟင်းသီးဟင်းရွက်များ၏ ရောင်းလိုအားကျဆင်းမှုနှင့်အတူ အဆိုပါ သီးနှံသုံးမျိုးအပေါ် ဝယ်လိုအားမြင့်တက်မှုယှဉ်တွဲဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကြက်သွန်နီလက်ကားဈေးနှုန်းမှာ လွန်ခဲ့သောနှစ်ကဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ၁၀၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် ယခင်နှစ်က ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၁၂၆၀ ဒသမ ၆၆ မှ ယခုနှစ်တွင် ရူပီး ၂၆၀၃ ဒသမ ၅၅ သို့ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ အာလူးဈေးနှုန်းမှာ ယခင်နှစ်က ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၁၀၇၆ ဒသမ ၁၄ မှ ၂၁၁၆ သို့ ၉၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်လက ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၁၅၈၅ ဒသမ ၈၄ မှ ၃၃၆၈ ဒသမ ၂၈ သို့ ၁၁၂ ဒသမ ၃၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ယင်းကဲ့သို့ သီးနှံဈေးနှုန်းများမြင့်တက်ရခြင်း၏ အကြောင်းအရင်းတစ်ခုမှာ ယမန်နှစ်က မိုးရွာသွန်းမှု ပုံမှန်မရှိခဲ့သည့်အတွက် သီးနှံအထွက်နှုန်းကျဆင်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အကြီးဆုံး ကြက်သွန်နီထုတ်လုပ်သည့် နိုင်ငံဖြစ်သည့် အိန္ဒိယအနေဖြင့် ယမန်နှစ်က ကြက်သွန်နီ ပြည်ပသို့ တင်ပို့မှုကို ကန့်သတ်ပိတ်ပင်ပြီး၊ ယခုနှစ် မေလတွင် ပို့ကုန်ခွန် ၄၀ ရာခိုင်နှုန်းဖြင့် ပြန်လည်တင်ပို့ခွင့်ပြုခဲ့သည်။ ကြက်သွန်နီလက်လီဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၄၂ ဒသမ ၂၀ ရှိပြီး၊ လွန်ခဲ့သောနှစ် ဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ၈၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် အာလူး လက်လီဈေးနှုန်းမှာ လွန်ခဲ့သောနှစ်က ၁ ကီလိုဂရမ်လျှင် ရူပီး ၂၁ ဒသမ ၉၁ မှ ယခုနှစ်တွင် ရူပီး ၃၄ ဒသမ ၄ သို့ ၅၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

အပူလှိုင်းဝင်ရောက်မှုကြောင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို သိသိသာသာ ပုပ်သိုးစေသည့်အတွက် အဆိုပါ အခြေအနေကို ပိုမိုဆိုးရွားလာစေသည်။ ယခုနှစ်တွင် နွေရာသီ သီးနှံစိုက်ပျိုးမှု တိုးတက်ကာ စားသောက်ကုန်ဈေးနှုန်းဖောင်းပွမှု သက်သာစေပြီး၊ ဈေးနှုန်းများ ပြန်လည်ကျဆင်းလာလိမ့်မည်ဟု တာဝန်ရှိသူများက ယူဆထားကြောင်း သိရသည်။ သို့သော် ရာသီဥတုပြောင်းလဲမှုနှင့် လတ်တလော အပူချိန်မြင့်တက်မှု အခြေအနေများအရ အိန္ဒိယနိုင်ငံ၏ စားနပ်ရိက္ခာ ရောင်းလိုအားကွင်းဆက်တွင် ထိခိုက်မှုများဖြစ်ပေါ်လျက်သည်ကို တွေ့ရကြောင်း အဆိုပါ သတင်းဌာနက ဖော်ပြထားသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

ရည်ညွှန်း။ hindustantimes.com, Sharp rise in onion, potato, tomato prices, Jul 04, 2024

Agribusiness & Trade

## စင်ကာပူနိုင်ငံ ကျင်းပပြုလုပ်ခဲ့သည့် Global Summit on Sustainable Agriculture

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် World Peasant Association ၏ ဦးဆောင်မှုဖြင့် စင်ကာပူမြို့၊ Singapore Sustainability Academy ၌ Global Summit on Sustainable Agriculture ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

Summit တွင် Global Summit on Sustainable Agriculture ၏ တည်ထောင်သူနှင့် အတွင်းရေးမှူးချုပ် Mr. Sun Xi နှင့် World Peasant Association ၏ အတွင်းရေးမှူးချုပ် Mr. ZHANG Qi တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စင်ကာပူနိုင်ငံအခြေစိုက် ရဝမ်ဒါနိုင်ငံ High Commissioner ဖြစ်သူ H.E. Mr. Jean de Dieu Uwihanganye၊ ပီရူးနိုင်ငံသံအမတ်ကြီး H.E. Mr. Francisco Tenya Hasegawa၊ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Mr. Eivind S. Homme၊ ယူကရိန်းနိုင်ငံသံအမတ်ကြီး H.E. Ms. Zelenko Kateryna၊ တီမောနိုင်ငံ သံအမတ်ကြီး H.E. Mr. Alex Tilman၊ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Sengkeo Pouangpadith နှင့် ဩစတြေးလျနိုင်ငံ Deputy High Commissioner ဖြစ်သူ H.E. Ms. Emily Follett တို့က အဖွင့်မိန့်ခွန်းများ (Keynote Speeches) အသီးသီးပြောကြားခဲ့ပါသည်။

အဆိုပါ Summit တွင် နိုင်ငံများအနေဖြင့် Carbon Credit ဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ် ရေးထိုးခြင်းဖြင့် ရေရှည်တည်တံ့သည့် စိုက်ပျိုးရေး (Sustainable Agriculture)၊ ရေရှည်တည်တံ့သည့်ပတ်ဝန်းကျင် (Sustainable Environment) ဖြစ်စေရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးမူဝါဒများ (Agricultural Map) ချမှတ်ကာ ၎င်းကိုအခြေခံ၍ ဆည်မြောင်းများ၊ ရေပေးဝေမှုစနစ်များ ပြုလုပ်ခြင်းဖြင့် စိုက်ပျိုးဧကများကို တိုးချဲ့ဆောင်ရွက်နိုင်ခြင်း၊ ထောက်ပံ့မှုလိုအပ်နေသည့် နေရာများကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသမားများ ငွေကြေးထောက်ပံ့မှုများ လွယ်ကူစွာရရှိစေရန် စိုက်ပျိုးရေးအာမခံများကို ဆောင်ရွက်ပေးသင့်ပြီး တိုးတက် ပြောင်းလဲလာသည့် စိုက်ပျိုးနည်းစနစ်များကို တောင်သူများ သိရှိနားလည်ကာ ပိုမိုတိုးတက်ကောင်းမွန်စွာ စိုက်ပျိုးနိုင်စေရန် ဆောင်ရွက်ပေးသင့်ကြောင်း၊ စိုက်ပျိုးမြေဧက အနည်းငယ်သာပိုင်ဆိုင်သည့် စိုက်ပျိုးရေးသမားများ (Small Farmers) ကိုလည်း မြေတောင်မြှောက်ပေးသင့်ကြောင်း၊ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးဖြစ်ထွန်းရန်နှင့် စားနပ်ရိက္ခာဖူလုံရေး၊ ကမ္ဘာ့စားနပ်ရိက္ခာကွင်းဆက် ရေရှည်တည်တံ့ရေးတို့အတွက် ပထဝီနိုင်ငံရေးသည် အရေးပါကြောင်းနှင့် ပထဝီနိုင်ငံရေး တင်းမာမှုများကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ ကွင်းဆက်အပေါ် များစွာ သက်ရောက်မှု ရှိစေမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး
စင်္ကာပူ
ရင်းမြစ်။ Global Summit on Sustainable Agriculture, Singapore

Agribusiness & Trade

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ အပြန်အလှန်ငွေပေးချေမှုများတွင် နိုင်ငံတော်သုံးငွေကြေးများ အသုံးပြုကြောင်း ရုရှားသမ္မတ ပူတင် ပြောကြား

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)ဝင်နိုင်ငံများသည် အပြန်အလှန် ငွေပေးချေမှုများတွင် နိုင်ငံတော်သုံးငွေကြေးများကို တိုးမြှင့်အသုံးပြုလာကြကြောင်း၊ ၂၀၂၄ ခုနှစ်၊ ပထမလေးလအတွင်း ရုရှားနှင့် SCO အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုတွင် အမျိုးသားငွေကြေးများ အသုံးပြုခြင်း၏ဝေစုသည် ၉၂ ရာခိုင်နှုန်းကျော် ရှိခဲ့ကြောင်း SCO အဖွဲ့ဝင် နိုင်ငံတော်အကြီးအကဲများ ကောင်စီအစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

သမ္မတ၏ ပြောကြားချက်အရ ရုရှားနိုင်ငံက SCO တွင် ၎င်း၏ကိုယ်ပိုင်ငွေပေးချေမှု ယန္တရားတည်ဆောက်ရန် SCO ထိပ်သီးအစည်းအဝေးတက်ရောက်လာသူများကို အဆိုပြုထားကြောင်း၊ စီးပွားရေးရပ်ဝန်းအတွက် တာဝန်ရှိသော ဝန်ကြီးများ၏ ပုံမှန်အစည်းအဝေးများ၊ ဘဏ္ဍာရေးဝန်ကြီးဌာနများနှင့် ဗဟိုဘဏ်များ၏ အကြီးအကဲများ အစည်းအဝေးများသည် SCO နယ်ပယ်တွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် သိသာထင်ရှားစွာ အထောက်အကူဖြစ်စေကြောင်း သိရှိရပါသည်။

အဆိုပါအစည်းအဝေးတွင် သမ္မတမှ ရုရှားနိုင်ငံသည် SCO ၏ ပူးပေါင်းဆောင်ရွက်မှုကို အလေးထားပြီး တန်းတူညီမျှမှုဆိုင်ရာ အခြေခံမှုများနှင့် အပြန်အလှန်အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားကာ တိုးတက်မှုကို အလေးထားကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://ria.ru/20240704/shos-1957287083.html

Agribusiness & Trade

..........................................................................................................

## အိန္ဒိယနှင့် ဗြိတိန်တို့အကြား အဆိုပြုထားသည့် ကုန်သွယ်ရေးသဘောတူညီချက်အတွက် ဆွေးနွေးပွဲများ ယခုလအတွင်း ဆက်လက်ကျင်းပမည်

ဗြိတိန်တွင် အစိုးရသစ်တာဝန်ယူပြီးနောက် အိန္ဒိယနှင့်ဗြိတိန်မှ အကြီးတန်းအရာရှိများသည် အဆိုပြုထားသည့်လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အတွက် မပြီးပြတ်သေးသောကိစ္စရပ်များကိုဖြေရှင်းရန်နှင့် စေ့စပ်ညှိနှိုင်းမှုများအပြီးသတ်ရန် ယခုလတွင် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ အဆိုပြုထားသည့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (FTA) အတွက် အိန္ဒိယ-ဗြိတိန် ဆွေးနွေးပွဲများသည် ၂၀၂၂ ခု

နှစ်၊ ဇန်နဝါရီလတွင်စတင်ခဲ့ပြီး နှစ်နိုင်ငံ အထွေထွေရွေးကောက်ပွဲများ ပြုလုပ်သည့်ကာလအတွင်း ၁၄ ကြိမ်မြောက် ဆွေးနွေးပွဲများကို ရပ်နားထားခဲ့ကြောင်းသိရသည်။

ဗြိတိန်၏ အသစ်ရွေးချယ်ခံရသော ဝန်ကြီးချုပ် Keir Starmer သည် စနေနေ့က အိန္ဒိယ ဝန်ကြီးချုပ် Narendra Modi နှင့် စကားပြောခဲ့ပြီး နှစ်ဖက်စလုံးအတွက် အဆင်ပြေသည့် FTA ကို အပြီးသတ်ဆောင်ရွက်ရန် အသင့်ရှိကြောင်းနှင့် နှစ်နိုင်ငံအကျိုးရှိသော FTA အား ဆောလျင်စွာ ချုပ်ဆိုနိုင်ရေး ဦးတည်လုပ်ဆောင်ရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြကြောင်း သိရှိရသည်။

FTA ၏ ကုန်စည်နှင့်ဝန်ဆောင်မှုဆိုင်ရာကဏ္ဍနှစ်ခုစလုံးတွင် မပြီးပြတ်သေးသော ကိစ္စရပ်များရှိနေပြီး အိန္ဒိယစက်မှုလုပ်ငန်းသည် ယူကေဈေးကွက်သို့ IT နှင့် ကျန်းမာရေးစောင့်ရှောက်မှု ကဲ့သို့သောကဏ္ဍများမှ ကျွမ်းကျင်ပညာရှင်များပိုမိုဝင်ရောက်ခွင့်ရရှိရန်နှင့် ကုန်ပစ္စည်းအမျိုးအစား များစွာအတွက် အကောက်ခွန်မဲ့ဖြင့် ဈေးကွက်ဝင်ရောက်ခွင့်ရရှိရန် တောင်းဆိုထားသည်။

အခြားတစ်ဖက်တွင်ဗြိတိန်သည် စကော့ချ်ဝီစကီ၊ လျှပ်စစ်ကားများ၊ သိုးသား၊ ချောကလက်နှင့် မုန့်အချို့ကဲ့သို့သော ကုန်ပစ္စည်းများအပေါ် တင်သွင်းခွန်များကို သိသိသာသာ လျှော့ချပေးရန် ကြိုး ပမ်းနေသည်။ ထို့ပြင် တယ်လီဖုန်းဆက်သွယ်ရေး၊ ဥပဒေရေးရာနှင့် ဘဏ္ဍာရေးဝန်ဆောင်မှု (ဘဏ် လုပ်ငန်းနှင့် အာမခံ) ကဲ့သို့သော အိန္ဒိယဈေးကွက်များရှိ UK ဝန်ဆောင်မှုလုပ်ငန်းများ အတွက် အခွင့်အလမ်းများကို ရှာဖွေနေကြောင်း သိရှိရသည်။

အိန္ဒိယနှင့် ဗြိတိန်တို့သည် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် (BIT) ကိုလည်း ညှိနှိုင်း ဆောင်ရွက်လျက်ရှိပြီး ယခုဆွေးနွေးနေသောစာချုပ်တွင် ကုန်စည်၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံ မှုများနှင့် ဉာဏပစ္စည်းမူပိုင်ခွင့်များ ပါဝင်ကာ အခန်း ၂၆ ခန်းရှိကြောင်း သိရှိရပါသည်။

အိန္ဒိယနှင့်ဗြိတိန်အကြား နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၂၀.၃၆ ဘီလီယံမှ ၂၀၂၃-၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁.၃၄ ဘီလီယံအထိ တိုးလာခဲ့သည်။

Starmer ဦးဆောင်သော ဗြိတိန်အစိုးရသစ်၏ နိုင်ငံခြားရေးအတွင်းဝန်အသစ် David Lammy ကလည်း FTA ဆွေးနွေးမှုကိုအပြီးသတ်လိုပြီး ရွေးကောက်တင်မြှောက်ခံရသည့် ပထမလ အတွင်း အိန္ဒိယသို့ သွားရောက်ရန် စီစဉ်ထားသည်ဟု ပြောကြားထားသည်။

ကမ္ဘာ့ကုန်သွယ်မှုသုတေသနအဖွဲ့အစည်း (Global Trade Research Initiative – GTRI) က အိန္ဒိယပညာရှင်များအတွက် ဗီဇာအရေးအတွက်ကဲ့သို့သော အသေးစား ညှိနှိုင်းမှုများသာကျန် ရှိပြီး သဘောတူညီချက်သည် အပြီးသတ်လုနီးပါးဖြစ်ကြောင်းနှင့် ဗြိတိန်အနေဖြင့် ခွင့်ပြုပေးဖွယ်ရှိ ကြောင်း၊ ထို့ပြင် အိန္ဒိယသည် ကာဗွန်နယ်စပ်ဖြတ်ကျော်ထိန်းညှိရေးစနစ် (CBAM) နှင့် အလုပ်

AgBusiness & Trade

သမား၊ သဘာဝပတ်ဝန်းကျင်၊ ကျား၊မတန်းတူညီမျှမှုနှင့် ဉာဏပစ္စည်းမူပိုင်ခွင့်များကဲ့သို့သော သမားရိုးကျမဟုတ်သည့် အကြောင်းအရာများကို အာရုံစိုက်သင့်သည်ဟု အကြံပြုထားသည်။ သမိုင်းကြောင်းအရ အိန္ဒိယသည် ယင်းအကြောင်းအရာများကို FTAs တွင် ထည့်သွင်းအသုံးပြုရန် မကြာခဏငြင်းဆိုခဲ့ပြီး ၎င်းတို့သည် ပြည်တွင်းမူဝါဒကို ပြောင်းလဲရန်လိုအပ်ကြောင်း သိရှိရသည်။

GTRI အစီရင်ခံစာတွင် ဗြိတိန်သည် အထည်အလိပ်ကဲ့သို့သော ကဏ္ဍများတွင် အခွန်စည်းကြပ်မှုကိုဖယ်ရှားရန် သဘောတူညီသည့်တိုင်အောင် အိန္ဒိယ ပို့ကုန်များသည် UK ၏ တင်းကြပ်သော ရေရှည်တည်တံ့မှုဆိုင်ရာသတ်မှတ်ချက်များနှင့် ပြည့်မီရန်လိုအပ်ပြီး ယင်းသည် အထူးသဖြင့် အလုပ်သမားများစွာအသုံးပြုရသည့် အိန္ဒိယပို့ကုန်ကဏ္ဍများကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း ဖော်ပြထားသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: India, UK to hold next round of talks on proposed trade agreement this month, The Economic Times, 7 July 2024.

…………………………………………………………………………………………………………

Agribusiness & Trade